# နွေဦးအသံ

**the voice of spring**

11.5.2021 · Tuesday · No . 36 · Daily News Pamphlet

**မြင်းမူမြို့ စစ်အုပ်စုပစ်ခတ်မှုတွင် (၂၃)နှစ်ရှိလူငယ်တဦး ကျဆုံးခဲ့ရ**

သတင်းတို

ရင်းမြစ် – RFA မှ

**မေလ(၂၄)ရက်၌ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အနီး၌ သီးသန့်တရားရုံး ဖွင့်လှစ်၍ ပထမဦးဆုံးအကြိမ် လူကိုယ်တိုင် ရုံးထုတ်စစ်ဆေးရန် စစ်အုပ်စုက စီစဉ်နေကြောင်းသိရ**

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

**တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာ၍ NCA စာချုပ်ပါ မူဘောင်အတိုင်း လိုက်နာကျင့်သုံးမည်ဆိုသည့် ထုတ်ပြန်ချက်မှာ KNU တဖွဲ့လုံး၏ သဘောထား မဟုတ်ဘဲ ဥက္ကဋ္ဌဖြစ်သူ၏ ပုဂ္ဂလိက အမြင်တခုသာ ဖြစ်ကြောင်းသိရ**

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

**CDM ဝန်ထမ်းများကို အကြမ်းဖက်စစ်အုပ်စု၏ အရေးယူဆောင်ရွက်မှုမှန်သမျှသည် တရားမဝင်ကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိလျက် CDM ပြုလုပ်ပါဝင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အမှုထမ်း၊ အရာထမ်းများအားလုံးကို ချီးကျူးဂုဏ်ပြုကြောင်း NUG နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့**

သတင်းတို

ရင်းမြစ် – NUG မှ

**မြို့ကြီးအချို့တွင် White Shirt လှုပ်ရှားမှုကို ပြုလုပ်၍ သပိတ်စစ်ကြောင်းကြီးများချီတက်ခဲ့ကြပြီး Flash Strike ကို ညကိုးနာရီတွင် ပြုလုပ်ခဲ့ကြကာ တနိုင်ငံလုံး အရှိန်မပြတ် နွေရောညပါ ဆန္ဒဖော်ထုတ်ခဲ့ကြ**




မေလ(၁၀)ရက်၊ ထောင်ချီသောလူအင်အားဖြင့် အဖြူရောင်အင်္ကျီများ တူညီဝတ်ဆင်ကြကာ ချီတက်ခဲ့ကြသည့် ထားဝယ်မြို့လုံးကျွတ်သပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

**KNU တပ်မဟာ(၅)နယ်မြေသို့ BGF တပ်ဖွဲ့ဝင် ရာချီ ၍ထပ်မံဝင်ရောက်လာသဖြင့် တိုက်ပွဲဖြစ်ပွားခဲ့ဟုသိရ**

သတင်းတို

ရင်းမြစ် – RFA မှ

**ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ DVB သတင်းဌာနမှ သတင်း သမားများကို ထိုင်းရဲက ဝင်ရောက်ဖမ်းဆီးခဲ့ဟုသိရ**

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

**KIA က ပိတ်ဆို့တိုက်ခိုက်သဖြင့် အလော့ဘွမ်တောင်သို့ အကူလာသည့် စစ်အုပ်စုတပ် အကျအဆုံးများပြားနေ**

သတင်းတို

ရင်းမြစ် – KNG မှ

**မုံရွာမြို့ CB ဘဏ်တွင် ငွေထုတ်ရန် ကြိုတင်တန်းစီ သည့် သက်ကြီးပိုင်း(၅)ဦးအပါအဝင် (၆)ဦးအဖမ်းခံရ**

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
11.5.2021 · Tuesday · No . 36 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၁၀)ရက်၊ ၂၀၂၁

- ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ စည်ပင်ပိုင်ပန်းခြံတွင် ရှစ်လေးလုံးပြည်သူ့အရေးတော်ပုံတွင် ကျဆုံးခဲ့သည့် သူရဲကောင်းများအား ဂုဏ်ပြုသည့်အနေဖြင့် တည်ဆောက်ထားသည့် ဒီမိုကရေစီအထိမ်းအမှတ်ကျောက်တိုင်အား အကြမ်းဖက်စစ်အုပ်စုက မေ(၉)ရက် ညပိုင်းက ဖျက်ဆီးဖယ်ရှားခဲ့ဟုသိရ။
- ဝေါမြို့နှင့် ပြည်မြို့အပါအဝင် အခြားမြို့များတွင် CDM ပညာရေးဝန်ထမ်းများ၏ လစ်လပ် နေသည့် ဆရာ/ဆရာမများနေရာတွင် နေ့စားဝန်ထမ်းများကို အစားထိုးခန့်နိုင်ရန် လာရောက်လျှောက်ထားနိုင်ကြောင်း လိုက်လံကြေညာလျက်ရှိ ဟုသိရ။
- ပူတာအိုခရိုင်၊ နောင်မွန်ဒေသတွင် KIA နှင့် NLD အား တိုက်ခိုက်ရန်အတွက် ကြံ့ခိုင်ရေးပါတီဝင်များက ဌာနေ ပြည်သူ့စစ်များထံမှ လက်နက်များ တောင်းဆိုထားဟု သတင်းများ ထွက်ပေါ်နေပြီး လူငယ်(၂၀) ဦးခန့်လည်း စစ်သင်တန်းတက်နေသည်ဟု သိရ။
- ရွှေကူတွင် KIA ပစ်ခတ်မှုခံခဲ့ရသည့် "ပေါက်တန်း" သင်္ဘောတာဝန်ရှိသူများ ထွက်ပြေးသွားသဖြင့် စစ်အုပ်စုက ဗန်းမော်သို့ ကုန်ပစ္စည်းနှင့် အကျဉ်းသား(၁၈)ဦး ပို့မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရ။
- ရန်ကုန်၊လှိုင်သာယာ(၃)ရပ်ကွက်မှစစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းမှာ မေ(၉)ရက်ညပိုင်းက ဓားခုတ်ခံရပြီး ဆေးရုံ မရောက်မီ သေဆုံးခဲ့ဟုသိရ။
- ကချင်၊ မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာနှင့် တောင်စိမ်းမော်တို့တွင် စစ်အုပ်စုသတင်းပေးဟု ယူဆရသူနှစ်ဦး သေနတ်ဖြင့် အနီးကပ်ပစ်သတ်ခံခဲ့ရ။
- မန္တလေး၊ သိပ္ပံလမ်း (၇ – ၈ လမ်းကြား) ရှိ ကညနရုံးတွင် နေ့လယ် (၁၁) နာရီခွဲခန့်က လက်လုပ်ဗုံးပေါက်ကွဲမှု ဖြစ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ မရှိဟု သိရ။
- စစ်ကိုင်း၊တမူးမြို့၊ ဈေးတန်း(၁၀)ရပ်ကွက်ရှိ ဒေသခံများက ဒလံဟု သတ်မှတ်ထားသူ၏ နေအိမ်တွင် မေ(၉)ရက်၊ည(၈) နာရီခွဲခန့်က ဗုံးပစ်ခံရပြီး ထိခိုက်မှု မရှိဟုသိရ။
- စစ်ကိုင်း၊ ကနီမြို့နယ်၊ အောင်မင်္ဂလာရွာအနီးတွင် တောတွင်းပုန်းအောင်းနေရသည့် ဒေသခံစစ်ဘေးရှောင်များကို စစ်အုပ်စုက နံနက်(၃)နာရီခန့်က ဝင်ရောက်စီးနင်းကာ ဒေသခံ(၂၀)ခန့်ကို ဖမ်းဆီးခဲ့ပြီး နေ့လယ်ခန့်တွင် ကနီမြို့နယ်၊ သမင်ခြံရွာ အနောက်တောပြင်ရှိ ဒေသခံ(၁၃)ဦးကိုလည်း ထပ်မံဖမ်းဆီးခဲ့ဟုသိရ။
- ရန်ကုန်၊ တောင်ဒဂုံ။ ညောင်ဦး၊ သစ်ထောင့် (တောင်) ရွာ။ မန္တလေး၊ အမရပူရမြို့နယ်။ စစ်ကိုင်းမြို့နယ်၊ ရေခါးကျေးရွာ။ ယင်းမာပင်မြို့နယ်၊ ရွှေပန်းခိုင်နှင့် သဲတောကြီး၊ ရင်ပေါင်တိုင်ရွာ။ ဝက်လက်မြို့နယ်၊ ကျောက်တိုင်ကျေးရွာ။ ချောင်းဦးမြို့နယ်၊ တောကျောင်းကြီးစံပြရွာ။ အရာတော်မြို့နယ်ပိုင်လိန်လှရွာ။ မြင်းမူမြို့နယ် တောချောင်းဦးရွာ။ ပခုက္ကူ၊ ကမ္မမြို့။ နတ်မောက်မြို့နယ် ကျေးရွာ(၁၆)ရွာ။ ဂန့်ဂေါ။ လောင်းလုံမြို့နယ် ဝဗျော၊ ကုန်းဇရပ်၊ မောင်းမကန်၊ ကြက်ယက်တွင်း၊ ဝေဒီ၊ ပန်းဒလဲ၊ အင်းဖောက်၊ ပန်းတင်အင်း၊ ရာဟောင်း၀၊ မဲမော်ရွာများ။ ရေဖြူ၊ ကံပေါက်။ ပုသိမ်၊ ငွေဆောင်မြို့၊ ဘူးကွဲကြီး။ မွန်-ကျိုက်မရောမြို့။ မော်လမြိုင်မြို့။ ဘီလင်းမြို့။ ကချင်-ဗန်းမော်။ လှိုင်ကော်၊ ကုန်းသာအုပ်စု၊ ဝါရီကောခူ။ ရှမ်း-ကျိုင်းတုံ။ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်- မြောက်ဥက္ကလာပမြို့နယ်၌ လှိုင်၊ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင် တပ်ပေါင်းစုသပိတ်။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ တကသ၊ မန်းရတနာပုံ တကသ၊ အရှေ့မြို့သစ်၊ စိန်ပန်း၊ မဟာအောင်မြေစစ်ကြောင်း။ ညောင်ဦး။မိုးကုတ်။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ စစ်ကိုင်း။ ရေဦး။ ယင်းမာပင်နှင့် ဆားလင်းကြီး။ လက်ပံတောင်းကျေးရွာများ။ ကသာ။ မုံရွာ။ ထီးချိုင့်၊ မြတောင်ရွာ။ တန့်ဆည်။ ရေဦး။ မကွေး-မြိုင်၊ ရေစကြို၊ ကျေးရွာ(၁၅) ရွာ။ မိုးကောင်း။ ပုဂံ။ မြင်းခြံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ မြိတ်။ လောင်းလုံမြို့နယ် ညင်းမော်၊ ကဒက်ကြီး၊ ညောပြင်ရွာ ၊ အောက်ရေဖြူ၊ သပြေရှောင်၊ ကမြောကင်း၊ နခံတောရွာများ။ မွန်-ပေါင်မြို့။ သရက်ချောင်း၊ ကနက်သီရိကျေးရွာ။ ကံပေါက်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ နမ္မတီး။ ရောဝတီ-ဖျာပုံ၊ ကယား၊ ဒီးမော့ဆို့။ ရှမ်း-တောင်ကြီး၊ မူဆယ်၊ နမ့်ခမ်း။ ပျဉ်းမနား။ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒ ဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် – မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၉)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၇၀ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၇၉၉ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၅၄၀ ဦး

ရင်းမြစ် – အေအေပီပီမှ



မေလ(၁၀)ရက်၊ ထားဝယ်မြို့၊ ဈေးတခု၌ ပြုလုပ်ခဲ့သည့် **White Shirt** လှုပ်ရှားမှုကို တွေ့မြင်ရစဉ် (ဓါတ်ပုံ – CJ )

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

နွေဦးစကား ဒို့ပြောကြား

"မိဘတွေကို တောင်းပန်ပါတယ် ကလေးတွေကို ကျောင်းမအပ်ပါနဲ့"